ဆင်နွှဲပြီလာသည့်တပ်သားများ



ဧပြီ-၉ရက်/ ?

ခေတ်

THE NEWSMAGAZINE ● မဂ္ဂဇင်း

တန်ဖိုး-၅၅၀ ကြား

ဗုဒ္ဓဟူးနေ့တိုင်း

၁၉၈၈-ခုနှစ်

နေ့စဉ်အမြန်ဆုံးထုတ်ဝေနိုင်ရန်စီစဉ်နေပါပြီ

သတင်းထောက်နှင့် ကိုယ်စားလှယ်များအမြန်ဆက်သွယ်ပါ

မှတ်ချက်။ ။သတင်းမဂ္ဂဇင်း ကိုမှ ဗုဒ္ဓဟူးနေ့တိုင်း

မဖျက်မကွက်ဆက်လက်ထုတ်ဝေသွားမည်

THE NEWSMAGAZINE မဂ္ဂဇင်း

အယ်ဒီတာချုပ်
အထောက်တော်လှအောင်

ဒုတိယ အယ်ဒီတာချုပ်
တင်မောင်မြင့်

အုပ်ချုပ်ရှုအယ်ဒီတာ
မြတ်ငြိမ်း

ပြည်ပရေးရာ
ဝင်းအောင်ကြိုး

သတင်း
တင်မောင်လတ် (အင်းစိန်)

ပန်းချီ/ဒီဇိုင်း
ဖေညွှန့်ဝေ
ထွန်းထွန်းဦး
မောင်မောင်ဦး

သုတေသန
ထင်လင်းထက်
ချိုချိုလွင်ဆွေ
တိုးတိုး
သီတာညိမ်း

အယ်ဒီတာလက်ထောက်
မောင်သစ္စာ

လုပ်ငန်းကြီးကြပ်
ကျော်လှိုင်

ဖြန့်ချီရေး
ဦးတင်

အုပ်ချုပ်ရေးမှူး
တင်ဝင်း

အထွေထွေအကြီးပေး
ကြေးမုံဦးသော်

ဥပဒေအကြံပေး
ဦးကိုယု

ကာလာခွဲ
ခရေ

သတင်းမဂ္ဂဇင်းတိုက်
၁၆၊ ၃၁–လမ်း၊
ရန်ကုန်မြို့။

ဝသုန်ဤမြေ သက်သေညွှန်း

လမ်းစဉ်ပါတီဥက္ကဋ္ဌ ခေါက်တာ မောင်မောင်၏ ဒိန္နဒွန်းကိုစက်တင်ဘာ ၁၀ ရက်နေ့ညက ကျွန်တော်တို့ ကြားလိုက်ရ၊ နာလိုက်ရ၊ ဖွတိသားလိုက်ရပြန်ပါသည်။

'လမ်းစဉ်ပါတီဟာ ပါတီစုံနဲ့ အစမျိုးခဲ့တာပါ။ ပါတီ ထူထောင်ချိန်မှာ ပါတီစုံကခေါင်းဆောင်ကြီးများက ၁၀ဝင်ကြွှိ၊ ဦးဆောင်ကြွှိ ဖိတ်ကြားခဲ့ကြလို့ ဆိုပဲသီးပုဂ္ဂိုလ်ကြီးတွေ အကုန်အစုံပဝါဝင်ခဲ့ပေမယ့် တော်တော် များများ ခေါင်းဆောင်ဝိုင်း၊ လူယေဝိုင်း ပါဝင်ခဲ့ကြပါတယ်'ဟု ထည့်သွင်းဒိန္နဒွန်းကြားသွားသည်။ ပါတီတွင်းမှ ဘေးရောက် သွားသူများက တစ်ပါတီ စနစ်ကို ယခု ပြင်းထန်စွာ ဝေဖန်နေကြပြီ ဟုလည်း ဆက်လက်ပြောဆိုသည်။

ကိုယ်ကျိုး ကိုယ်စီးပွား အတွက် ပါတီ သက်ဝေ့ပြောင်းသူများ၊ 'ငွေးကတက် ဖွာပဲ အိမ်ရအိမ်ရ၊ ထမင်းအိုးထမ်း ဟင်းအိုးထမ်းစုံနဲ့ပဲ လိုက်ရလိုက်ရ' ဟု ဟိရိဩတ္တပ္ပတရားကင်းမဲ့စွာ အာဏာအရှိုးအရင်း ဝေစုခွဲနှိုက်ကြိုးပမ်းသူများကို ကျွန်တော်တို့ မခေ့ပါ။ ထိုအာဏာရူး များကို ကျွန်တော်တို့ မခေ့ဝစီတမ်း တိုက်ခိုက်ခဲ့ကြသည်။ နောင်လည်းဆက်လက်တိုက်ခွဲဝင်ဦးမည်သာဖြစ်သည်။

အာဏာကို အသေ စက်တွယ် ထားခြင်းနှင့် ပတ်သက်၍ကျွန်တော်တို့ပြည်သူများက နည်းနည်းကလေးမှ မအုံသြတေ့ပါ။

'ပါတီစုံစနစ်ကိုအခုပေး၊ လမ်းစဉ်ပါတီ ကိုတေ့ ချက်ချင်းပျက်'ဟု တောင်းဆိုနေကြကြောင်းဖြင့်လည်း ဒိန္နကြားသွားသည်။

အာဏာရပါတီဥက္ကဋ္ဌ အနေဖြင့် ထိုးတမ်း ဝဉ်လာ အတိုင်း သတင်းမှန်များ မရသည်ကို ၂၆ နှစ်ကျော် အတွေ့အကြုံအရ ကျွန်တော်တို့ ကောင်းစွာ နားလည် သဘောပေါက်ပြီး ဖြစ်ပါသည်။

ပြည်သူလူထု တစ်ရပ်လုံးက စစ်မှန်သော ဒီမိုကရေစီကိုသာ တောင်းဆိုနေခြင်းဖြစ်ပါသည်။ လမ်းစဉ်ပါတီကို ချက်သိန်းဦးနေခြင်း မဟုတ်ပါ။ အမှန်တကယ် လွတ်လပ်သော၊ အမှန်တကယ် တရားမျှတသော ရွေးကောက်ပွဲမှာ အခြားပါတီများနှင့်တန်းတူရည်တူ ယှဉ်ပြိုင်ခွင့်ကို သဘောထားကြီးမြဲဖြစ်သော ပြည်သူများက ကြည်ကြည်ဖြူဖြူပေးမည်သာ ဖြစ်ပါသည်။

သို့သော် ကုန်ထုတ်လုပ်သော ပြည်သူများက သွေးရွှေးကိုရင်းပြီး ရွာဇွေထားဆဲဖြစ် နိုင်ငံတော်၏ဘဏ္ဍာတော် ငွေများကို အရင်းအနှီးပြုကာ တည်ဆောက်ထားသော လမ်းစဉ်ပါတီနှင့် သက်ဆိုင်ရာ အဆောက်အအုံများ၊ မော်တော်ယာဉ်အမျိုးမျိုးများ၊ စက်ယန္တရားများ၊ လစာ ငွေများ၊ အငြိမ်းစား လစာ ငွေများ၊ အထူး ထောက်ပံ့ငွေများ၊ အို ထောက်ပံ့ငွေများ၊ အထူးအခွင့်အရေးများကိုပူ ပြည်သူက ခွင့်ပြုနိုင်တော့မည် မဟုတ်ပါ။

နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့နှင့် မတို အာဏာဝိုင် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊တိုင်း၊ ရွှေနယ်၊ ကျေးရွာ၊ ရပ်ကွက်ပါတီကောင်စီ အာဏာရှင်များ၊ အစိုးရဌာန အသီးသီးတွင် ပါတီအရှိန်အဝါဖြင့် ဝင်ရောက် တာဝန်ထမ်းဆောင်နေကြသောညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးအဝ ပြန်ခန့်သက်လွန် အကြိပေး ပုဂ္ဂိုလ်များ အလယ်၊ ပါတီ ခွင့်ပြုချက်ဖြင့် ခန့်ထားသော မြေပေါ်မြေအောက်အိမ်သာအပေါက် စောင့်နှင့် အင်္ဂဝါးယာဉ် အချိန်ထိန်းဂိတ်များမှ ပါတီဝင် ဂိတ်မှူးများအဆုံး အားလုံးသော ပါတီဝင်များ မတရား ရယူထားကြသော မြေကြီး ဝင်းကြီးများ ထဲမှ တိုက်ကြီးတာကြီးများ၊ အိမ်ကြီးရုံခိုင်များ၊ တိုယိန်းကြီးငယ်များ၊ လက်ဖြိုးထိုးမလွဲ မြေဈေး ကြီးငယ်များ၊ လိုင်းပေါင်းစုံတွင် သွင်းထားသည့် နော်ထော်ယာဉ်မျိုးစုံများ၊ ဇနီးများ၊ မရိုးများ၊ ခယ်မများ အမည်ဖြင့် လုပ်ငန်းရှင်ပေါင်းစုံတို့ထံတွင်တိတ်တဆိတ် မြှုပ်နှံထား ရသည့် ငွေပင် ငွေရင်းများ၊ မတ္တာဒွန်း၊ ပဒုမ္မာ ဆိုင်များမှ အထူး ဝယ်ယူခွင့်ပါခဲ့များ၊ အခွင့်ထူးခံ ဝိုင်ဆိုင်ရှုများ အားလုံးကို ဝိုင်ရှင် အစစ် အမှန် ဖြစ်သည့် ပြည်သူတို့၏ လက်ဝယ်သို့ ခန့်ထားရ ချမ်းချင်း ဖြန်လည် အစဉ်ရုံ ကျွန်တော်တို့ ပြင်းထန်စွာ တောင်းဆိုလိုက်သည်။

သို့ပသာ တကယ် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပနိုင်မည်ဖြစ်သည်။

ပြည်သူတို့၏ တောင်းဆိုချက်ကိုမလိုက်လျောပဲ အာဏာအရှိန်အဝါ၊ အာဏာ အကာအကွယ်ဖြင့် အတွေ့ထွေ ရွေးကောက်ပွဲကို ဇွတ်ကျင်းပမည် ဆိုပြားအုံး။ ဒီမိုကရေစီကိုမြတ်နိုးသောရှိုးသားသည့်ပြည်သူတို့သည် အလောင်း မဟာမြင့်ဝိုရိုတောင် အထစ်ထစ်နှင့် မဟာသွေး သမုဒ္ဒရာ အုင်းစင်းကိုအရင်းအနှီးပြုကာအကာအရံ ကင်းခဲ့သော ဓဲပုံးအတွင်းသို့ပြောင်ဆန္ဒပဲပေးရဲသည့် သတ္တိအပြည့်ရှိကြောင်း ကျွန်တော်တို့ အကြွင်းခဲ့ယုံကြည်ပါသည်။

မဟာသူရဲကောင်း ကျောင်းသူ ကျောင်းသား အပေါင်းနှင့် ၎င်းတို့နှင့် ပူးပေါင်းကာ ဓဆုတ်မနှစ်တိုက်ခွဲ ဝင်ခဲ့ကြသော ရဟန်းရှင်လူပြည်သူတို့၏ ဒီမိုကရေစီရေး အောင်ပွဲကား မည်သည့်အရာနှင့်မျှ နှိုင်းတုဖွဲ့မရနိုင်လောက်အောင်ကြီးမားလှပါပေ၏။

မဟာ သူရဲကောင်း ကျောင်းသူ ကျောင်းသား အပေါင်းနှင့်ရဟန်းရှင်လူပြည်သူတို့၏ သူရသတ္တိသည်ကား မည်သည့်အရာနှင့်မျှ နှိုင်းတုဖွဲ့ မရနိုင်လောက်အောင် ကြီးမားပြင့်မြတ် လှပါပေ၏။

မဟာသူရဲကောင်း ကျောင်းသူ ကျောင်းသားများနှင့် ရဟန်းရှင်လူပြည်သူတို့၏ ခြည်းလုံး ညီညွတ်မှုသည်ကား မည်သည့်အရာနှင့်မျှ နှိုင်းတုဖွဲ့ မရနိုင်လောက်အောင် ကြီးနိုင် တောင့်တင်းလှပါပေ၏။

ထိုအောင်ပွဲ၊ ထိုသူရသတ္တိ၊ ထိုခြည်းလုံးညီညွတ်မှုကို ကန့်ကွဲတည်သရွေ့ ဆက်လက် ထိန်းသိမ်းသွားရုံ အရေးအကြီးဆုံးဖြစ်ကြောင်း သူရဲကောင်းအပေါင်းတို့ သဘောပေါက်ပြီး ဖြစ်သည်ကိုလည်း ကျွန်တော်တို့ အကြွင်းခဲ့ ယုံကြည်ပါသည်။

ဆိုရှယ်လစ်ဝါဒနှင့် ဆိုရှယ်လစ် စီးပွားရေးစနစ်ကို လွှဲပြောင်းနေလျှောအောင်း ပြင်းထောင်းမကျန် အုံကြွတော်လှန် ရှိုဖျက်သော ပထမဆုံးမဟာ လူသားသည် လူ့သိုင်းတွင် မြန်မာလူမျိုးသာ ဖြစ်ကြောင်း မော်ကွန်းတွင်ရစ်ခဲ့ပေတော့မည်။

လမ်းစဉ်ပါတီက ရာဝုန့စ် တစ်ဖိတ်ကျော် ကိုယ်ဖိရင်ဖိ လုပ်ဆောင်ခဲ့ပုံများကြောင့် မြန်မာ ပြည်သူတို့သည် အနည်းဆုံး နောင်နှစ်ပေါင်း တစ်ဆောင် ကြာအောင် 'ဆိုရှယ်လစ်' ဆိုသောအသံကို နားပု လေသံနာခံနိုင်ကြတော့မည် မဟုတ်သည်မှာထည်း ထုံပုံး သံသယဖြစ်စွယ်မရှိတော့ပြီ။

မဟာသူရဲကောင်း ပြည်သူအပေါင်းတို့နှင့် လူဆစ် တည်၍ ပြည်သစ်ဆောက်ကြပါအုံး။

အထောက်တော်လှအောင်

ရွိတော်ခန်းဓမ္မ၊ ဓမ္မာအာဇာနည်များအား လွမ်းဆွေးမှုနှင့် အမှုဝေ အခမ်းအနား

ပြည်သူတို့၏ မဟာအုံကြွ တော်လှန်ပွဲကြီး တစ်ရက်မနား ဆက်လက် ဖြစ်ပွားနေရာ

ရန်ကုန်၊ စက်တင်ဘာ-၁၀။ ။တစ်ပါတီအာဏာရှင်စနစ် ဖျက်သိမ်းပေး၊ လက်ရှိ အာဏာရပုဂ္ဂိုလ်များ လုံးဝမပါသည့် ကြားဖြတ် အစိုးရ ဖျက်ချင်း ခဲ့ခဲ့ပြီးပေး၊ ပါတီစုံ ဒီမိုကရေစီစနစ် ထူထောင်ပေး၊ ပေးမည် မပေးမည်ကို စက်တင်ဘာ ၇ ရက် ည ၈ နာရီတိတိတွင် မြန်မာ့အသံနှင့် မြန်မာ့ရွှမြင်သံကြားအစီအစဉ်မှ တစ်ဖြိုင်တည်း အကြောင်းပြန်ကြားရမည်။ တောင်းဆိုချက်များကိုမလိုက်လျောပါက နောက်နေ့မှစ၍ ပြည်လုံးကျွတ်အထွေထွေသပိတ်ကြီးဆင်နွှဲကာ အစိုးရစက်ယန္တရားများအား လုံးဝရပ်စဲသွားသည်အထိ တိုက်ပွဲဝင်မည်။

အထက်ပါတို့ကား မဟာသူရဲကောင်း ပြည်သူအပေါင်းတို့၏ ခြင်းပြသောဆန္ဒကို တိတိပပ ထင်ဟပ်လိုက်သည့် ကျောင်းသား များ

အသက် ၂၆ နှစ်ရှိ ဆေလ အစ်လောင်းကောင်ကို သယ်ယူလာစိုက်

လှုပ်ရှားမှု ကြီးကြပ်ရေး ကော်မတီ၊ ယာယီ သမ္မတပေါင်းစုံ၊ ဝန်ထမ်းပေါင်းစုံ၊ အလွှာပေါင်းစုံ၊ ရဟန်းသံဃာပေါင်းစုံ၊ အာသာရေးခေါင်းဆောင်များနှင့် အသင်းအဖွဲ့ပေါင်းစုံတို့၏ ရှင်းလင်းတိကျဖြတ်သား သော သံဃာ့ရာဇသံ ဖြစ်သည်။

သွေးပူလေ့ကျင့်ခန်း

ထိုရာဇသံကို ရင်ဝယ်ပိုက်ပြီး ပြင်းထန်သောဆန္ဒဖြင့် တအုံနွေးနွေးရှိနေသည့်ပြည်သူအပေါင်းတို့သည် လက်ရှိ အာဏာရ လမ်းစဉ်ပါ တီ အစိုးရ အပေါ်လည်း ယုံကြည် သက်ဝင်မှု လုံးဝမရှိလေရာ ရာဇသံ ပေးထားသည့် နောက်ဆုံးအချိန်သို့ မရောက်မီ သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ရင်း ခိုင်ကျည်သောစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ စောင့်ဆိုင်းနေကြသည်။

ထိုရက်များကား....

စက်တင်ဘာ ၄

ဒီမိုကရေစီရေးပြည်သူ့အုံကြွတော်လှန်မှုကြီးကို အနီးကပ် ၂၄ နာရီကြာ လေ့လာရန် အမေရိကန်အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဝင် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ အောက်လွှတ်တော်အမတ် မစ္စတာ စတီဗင်၊ ဂျေ၊ဆိုလာ့ဇ်သည် ရန်ကုန်မြို့သို့ ရောက်နေသည်။

ဇရုံ

သမ္မတ ဒေါက်တာမောင်မောင်၊ ဝန်ကြီးချုပ်သူရဦးထွန်းတင်၊ ဒုဝန်ကြီးချုပ် ဦးခဲခေါင်တို့နှင့် လွှတ်တော် သံတမန်ခန်းမတွင် မနက် ၁၁ နာရီက တွေ့သည်။ ဆွေးနွေးချက် တစ်စုံတစ်ရာကို အစိုးရက ထုတ်ပြန်ကြေညာခြင်း လုံးဝမပြု။

အတိုက်အခံ

မစ္စတာ ဆိုလာ့ဇ်သည် အတိုက်အခံ ခေါင်းဆောင်များ ဖြစ်ကြသော ဝန်ကြီးချုပ်ဟောင်း ဦးနု၊ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်မှူးချုပ် ဟောင်း ဦးအောင်ကြီး၊ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦး အပြင် ဒီမိုကရေစီရေးတိုက်ပွဲဝင် ကျောင်း သား ခေါင်းဆောင်များနှင့် သီးခြား တွေ့ဆုံကာ လေ့လာ ဆွေးနွေးသည်။

ပြည်သူ့ရာဇသံ

အတိုက်အခံခေါင်းဆောင်များနှင့် ကျောင်း သား ခေါင်းဆောင် များက ဒီမိုကရေစီရေးတိုက်ပွဲ စတင် ဖြစ်ပေါ်လာပုံ၊ လတ်တလော ပေါ်ပေါက်နေသည့် ပြည်သူ့အုံကြွ တော်လှန်မှုကြီးနှင့် တစ်ပါတီအစိုးရကိုပေးထားသည့် ပြည်သူ့ရာဇသံများအကြောင်း ရှင်းပြကြသည်။

ထိုနေ့ ညနေပိုင်းမှာပင် မစ္စတာ ဆိုလာ့ဇ်၏ မြန်မာပြည်မှ မြန်လည်ထွက်ခွာသွားသည်။ မနက်ကောက်ရွိသို့ ရောက်သောအခါ သတင်းစာ ရှင်းပွဲ လုပ်သည်။

ယုံကြည်မှုကင်း

မြန်မာအစိုးရ ခေါင်း ဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးရာတွင် မိမိတို့ အစိုးရအပေါ် ပြည်သူလူထုက ယုံကြည်မှု ကင်း မဲ့သွားပြီ ဖြစ်ကြောင်း အစိုးရခေါင်း ဆောင်များက အတိအလင်း ဝန်ခံပါသည်ဟု မစ္စတာ ဆိုလာ့ဇ်က သတင်းထောက်များကို ပြောသည်။

နှစ်ကြောင်း

လက်ရှိ မြန်မာ ခေါင်းဆောင်များ လာရောက် ခိုလှုံလိုပါသည်ဟု ကမ်းလှမ်းလာလျှင် ဩစတြေးယားနှင့် အနောက်ဂျာမနီ နိုင်ငံတို့က လမ်းဖွင့်ပေးသင့်သည်ဟုလည်း မစ္စတာ ဆိုလာ့ဇ်က အကြံပေးသွားသည်။

ရဟန်းပျိုသမဂ္ဂ၊ ကျောင်းပေါင်းစုံ ရပ်ကွက်ပေါင်းစုံ၊ ဌာနပေါင်းစုံတို့က မြို့တွင်း၌ အေးချမ်းစွာ လှည့်လည် ချီတက်ပြီး ဆက်လက် ဆန္ဒပြနေကြသည်။

ပေါင်းစုံ

ပညာရေး ဝန်ထမ်းများ၊ ဘွဲ့ရကျောင်းသူကျောင်းသားများနှင့် ဌာနပေါင်းစုံ၊ စက်ရုံပေါင်းစုံ၊ အသိပညာရှင်၊ အတတ်ပညာရှင် ပေါင်းစုံတို့က ယာယီသမဂ္ဂများကို ဆက်လက်ပံ့ပိုးစည်းကာ တောင်းဆိုချက်သုံးရပ်ကို တစ်ခဲနက် တောင်းဆိုတိုက်ပွဲဝင်နေကြသည်။

သခင် သခင်မကြီးများ

မြန်မာ့သမိုင်း တစ်လျှောက် တွင် မကြုံဖူး ထူးကဲစွာ ဆင်ခဲနေကြသော ပြည်သူတစ်ရပ်လုံး၏ ဒီမိုကရေစီရေး တိုက်ပွဲကြီးကို ထောက် ခံ ကြောင်း၊ အောင်မြင်သည့်အထိ တိုက်ပွဲဝင်သွား မည် ဖြစ်ကြောင်း သခင် သခင်မကြီး များက ၃၆ လမ်း၊ အမှတ် ၁၃၉ တွင် အစည်းအဝေးကျင်းပပြီး တစ်ညီတစ် ညွတ်တည်း ဆုံးဖြတ်သည်။

လုံထိန်း

ဒီမိုကရေစီရေးအတွက် ငြိမ်း ချမ်း စွာ အုံကြွတော်လှန်နေသည့် ပြည်သူ များအား လက်နက်ဖြင့် အကြမ်းဖက် နှိမ်နင်းရန် ဝက်ထီးကန်လေ့ကျင့်ရေး သင်တန်းကျောင်းမှ ရဲသင်တန်းသား ၁၀၃ ဦးကို စက်တင်ဘာ ၂ ရက်နေ့ က ရန်ကုန်သို့ အရေးတကြီး ခေါ်ယူ ထားခဲ့သည်။ လုံထိန်းတပ်ရင်း အမှတ် (၇) ခွဲရန်ဖြစ်သည်ဟု သိရသည်။ ၎င်း တို့ကို ကိုးခိုင်၊ အားကာဦးစီးဌာန၊ လူငယ်အားကစားလေ့ကျင့်ရေးသင် တန်းကျောင်းတွင် နေရာ ပေး ထား သည်။

ပြည်သူ့ရင်ခွင်သို့

သို့သော်လည်း ငြိမ်းချမ်းစွာ အုံကြွ တော်လှန်နေသော ပြည် သူ များ ကို လက်နက်ဖြင့် အကြမ်းဖက် နှိမ်နင်းလို စိတ် မရှိသဖြင့် ရဲသားများ အားလုံး နီးပါး ထွက်ပြေးကြသည်။ ရဲသင်တန်း သား မောင်အောင်နိုင်ကမူ ကိုးခိုင် အေဝမ်းခြံအတွင်းရှိ ရပ်မိရပ်ဖများထံ လာရောက် ခိုလှုံသည်။

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး (ယာ ယီ) ဟို အမှုဆောင်အဖွဲ့ အစည်း အဝေးကို မနက်၉နာရီကအစဖွဲ့တည်ရာ အမှတ် ၁၀ ဝင်္ဘာလမ်းတွင် ကျင်းပ သည်။

လက်တုံ့ပြန်ခဲ့

စက်တင်ဘာ ၈–ရက်နေ့တွင် ဆင်

ရုပ်ရှာလုံခြုံရေးအဖွဲ့၏ ဆန့်ကျင်ရေးဖျားကိုလွှဲပြီး လမ်းဝိတ်ထားသည့် မြေနီကုန်း ဒီးဒို့ငှဲ့ပြင်ကွင်း

ရေနံဆာန်အာဇာဝင် ဘုန်းကြီးများကပါ တိုက်ခွဲဝင်

မြို့ဈေးပြည်၏ စစ်ဆေးရေးစခန် ဖျက်ဆီးခြင်း အလွှဲ

ခဲ့မည့် ဒီမိုကရေစီ ရေး အထွေထွေ သပိတ်ကြီးတွင် ရဟန်းရှင်လူ ပြည်သူ အပေါင်း တခဲနက် ပါဝင် ဆင်နွှဲရန် ပြည်သူအားလုံး သွေးစည်း ညီညွတ် ကြရန်၊ အဖျက်သမား များက နည်း မျိုးစုံဖြင့် ဖျက်ဆီးလှုပ်ကြွလိမ့်မည် ဖြစ် သော ကြောင့် အထူး သတိထား စည်းကမ်း သေဝပ်ရန်၊ မည်သို့ပင် ရန်စသည်ဖြစ်စေ ပြည်သူက အကြမ်း မြန်မဖက်ရန် ကြေညာချက်ထုတ်သည်။

အစည်း အဝေးသို့ နာယက ဦးနု (ဝန်ကြီးချုပ် ဟောင်း)၊ ဦးဘိုး မန်းဆင်းမောင် (သမ္မတ ဟောင်း)၊ အတွင်းရေးမှူး သုရဦးတင်ဦး (ကာ ကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဟောင်း) နှင့် အမှုဆောင်များ တက် သည်။

စက်တင်ဘာ ၅

ရန်ကုန်တွင်လူထုဆန္ဒပြပွဲများဆက် လက် ကျင်းပသည်။ သတင်းနှင့် စာ နယ်ဇင်း ကော်ပိုရေးရှင်း နှင့် အစိုးရ သတင်းစာတိုက် ခြောက်တိုက်မှ ဝန် ထမ်းများ ပါဝင် ချီတက် ဆန္ဒပြ သည်။

ထုတ်

လူထု အုံကြွ တော်လှန်မှုကြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန် ထမ်း အချို့လည်း ပါဝင် ပူးပေါင်း ကြသည်။ ထို့ကြောင့် တွဲဖက် ညွှန် ကြားရေးမှူး (အသံလွှင့်) အပါအဝင် သတင်း ကြေညာသူများနှင့်ဝန်ထမ်း အချို့ တာဝန်မှ ယာယီ ရပ်စဲခြင်း ခံရသည်။

မြန်မာ့အသံတွင် တပ်စွဲထားသော တပ်မ ၃၃ တပ်မမှူး ဗိုလ်မှူးကြီးလှဌေ က ညွှန်ကြား ရေးမှူး ချုပ်နှင့် ညွှန် ကြား ရေးမှူး (စီမံ/အသံလွှင့်) တို့ ရှေ့တွင် ဝန်ထမ်း အချို့ကို ခေါ်ယူ တွေ့ဆုံသည်။

သေနတ်ပြ

ထိုသို့တွေ့ဆုံရာတွင် ၎င်း၏ပစ္စတို သေနတ်ကို စားပွဲပေါ်သို့ ပစ်တင်ပြီး 'တို့မှာ ဒါရှိတယ်၊ မင်းတို့တိုင်ချင်ရာ တိုင်' ဟုကြိမ်းမောင်းပြီး ဒီမိုကရေစီ ရေး တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်း များ၊ လူပုဂ္ဂိုလ် များကို စော်စော် ကားကား မြော ဆိုကာ ရိုင်းပြစွာ ခြိမ်းခြောက်ခဲ့သည်။ ထို့ကြောင့် မှုလ တာဝန် ပြန်လည် ထမ်းဆောင်ခွင့် မပေးမချင်း၊ ပြည်လူတို့၏ တိုက်ပွဲ မဇ္ဈအောင်မြင်မချင်း၊ ဆက်လက်တိုက်ပွဲ

ပြည်သူ့ အုံကြွတော်လှန်မှုကြီးအတွင်း အဖိတ်အစဉ်စာရင်း တောင်းယူခြင်း

၁၉၇၇ ခု ဇန်တင်အာလ၊ ၁၉၈၈ ခု မတ်လ၊ ဇွန်လ၊ ရှေလိုင်လနှင့် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော တစ်ပါတီအာဏာရှင်စနစ် ချက်သိမ်းရေး၊ ကြားဖြတ်အစိုးရ ချက်ချင်းဖွဲ့စည်းပေးရေး၊ ပါတီစုံဒီမိုကရေစီ နှစ်ထွေထောင်ရေး ပြည်လုံးကျွတ် ပြည်သူ့ အုံကြွတော်လှန်မှုကြီး ဖြစ်ထွင်း-

(က) သမုဒ္ဒရာသူ၊
(ခ) ဒဏ်ရာအနာတရဖြစ်သူ၊
(ဂ) ဓမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသူ၊ ခံနေရသူ၊
(ဃ) ပျောက်ဆုံးနေသူ

များ၏စာရင်းအတိအကျရရှိနိုင်ရေးအတွက် 'သတင်းမဂ္ဂဇင်း'က တာဝန်ခံကောက်ယူပြီး ထိုင်းပြည်သို့ ကြေညာပေးရန် ဆုံးဖြတ်လိုက်ပါသည်။

ထို့ကြောင့် ကျန်ရစ်သူများ၊ သို့မဟုတ် ကာယကံရှင်များ၊ သို့မဟုတ် သက်ဆိုင်သူများက သေဆုံးသူ၊ ဒဏ်ရာအနာတရဖြစ်သူ၊ ဓမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသူ၊ခံနေရသူနှင့် ပျောက်ဆုံးနေသူများ၏-

(က) အမည်
(ခ) ဓိဘအမည်
(ဂ) အသက်
(ဃ) အမျိုးသားဖွတ်ပုံတင်အမှတ်
(င) အလုပ်အကိုင်၊ ဌာန (ကျောင်းသူ ကျောင်းသား ဖြစ်လျှင် ကျောင်း၊ အတန်း)
(စ) နေရပ်လိပ်စာ
(ဆ) ဖြစ်ပွားသည့်နေ့ရက်၊ အချိန်
(ဇ) ဖြစ်ပွားသည့်ဒေသ ရွာ၊ ရပ်ကွက်၊ လမ်း-

များကို အမျိုးအစားအလိုက်ခေါင်းစဉ်တစ်ကာ ပြည့်စုံစွာဖော်ပြပြီး ရပ်ဒိရပ်ဇ၊ သို့မဟုတ် ရဟန်းသံဃာတော်၊ သို့မဟုတ် ဘာသာရေးခေါင်းဆောင်၊ သို့မဟုတ် ကျောင်းသား ခေါင်းဆောင်၊ သို့မဟုတ် ဆေးကုသပေးသူ ဆရာဝန်တို့၏ မှန်ကန်ကြောင်း ထောက်ခံချက်ဖြင့် အဖြဲဆုံး စာရေးသားပေးပို့ပါရန် အနူးအညွတ် ပန်ကြားအပ်ပါသည်။

ပြည်သူ့အုံကြွတော်လှန်မှုကြီးနှင့်မသက်ဆိုင်သူများ၊ အကြမ်းဖက်ဆူပူသူများ ပေးပို့ရန်မလိုပါ။

သတင်းမဂ္ဂဇင်း

လေကြောင်းပို့ဆောင်ခရေးဝန်ထမ်းများက ယာယီသမဂ္ဂဖွဲ့စည်းပြီး ကြားဖြတ်အစိုးရ ဖွဲ့မပြီးမချင်း လုပ်ငန်းခွင်သို့ မဝင်ရန် ဆုံးဖြတ်ကြသည်။ သေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်းသည် တာ်မတော်သားများ အာဏာသိမ်းယူပို့ဆောင်ရေးကဏ္ဍတွင် အထူးစေတနာထား၍ ကူညီ ဆောင်ရွက်ခဲ့သည့်နည်းတူပြည်သူနှင့်လက်တွဲရန်တပ်မတော်သို့ မေတ္တာရပ်ခံကြောင်း။မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ နိုင်ငံခြားငွေများကိုအခွင့်ထူးခံလူတော်စုအာဏာ ထုတ်မပေးခဲ့ခြင်းကိုထောက်ခံကြောင်း ရေနံဓာတုဒဏ်ပို့ရေးရှင်းမှ ရဲဘော်ဝန်ထမ်းများ၏ တိုက်ပွဲကို ထောက်ခံကြောင်း ကြေညာသည်။

စက်တင်ဘာ ၆

ဒီမိုကရေစီရရှိခရေးအဖွဲ့က အစိုးရဌာန အသီးသီးနှင့် ကော်ပိုရေးရှင်းများတွင် သမဂ္ဂများ ဖွဲ့စည်းခြင်း၊ ၎င်းတို့၏ သဘောထားများကို ထုတ်ပြန် ကြေညာသည်။

မြန်မာ့အာမခံ ကော်ပို ရေးရှင်းက ကိုယ်စားလှယ် ၁၇ ဦးဖြင့် ယာယီ သမဂ္ဂ ဖွဲ့စည်း လိုက်သည်။

ကုန်းလမ်း ပို့ဆောင်ရေး ကော်ပို ရေးရှင်း၊ အမြောက်အလုပ်ရုံအမှတ် ၁ မှ နာယကများအဖြစ် ဦးမျိုးဟန်၊ ဦးအောင်ကြည်၊ ဒေါ် ဝင်းမင်း ညွှန့်နှင့် ဥက္ကဋ္ဌဦးစန်းမောင် အပါအဝင် အမှုဆောင် ၁၀ ဦး ဖွဲ့စည်းလိုက်သည်။

ရထား

ရထားပို့ဆောင်ရေး ကော်ပိုရေးရှင်းမဟိုသမဂ္ဂ (ယာယီ) ဖွဲ့စည်းရေး အစည်းအဝေးကို ယနေ့နံနက် ၉း၃၀ နာရီတွင်ရထားပို့ဆောင်ရေး ရုံးချုပ်

ဝင်သွားမည် ဖြစ်ကြောင်း ကြေညာချက် ထုတ်သည်။

ပါဒီဝင်တွေထွက်

နိုင်ငံခြားရေး ဌာနတွင် တာဝန်ထမ်းဆောင် နေကြသော ဝန်ထမ်းများအနက် လမ်းစဉ်ပါတီဝင် ၁၀၇ ဦး တို့က ၎င်းတို့ဌာန အစည်းအဝေး ခန်းမတွင် အစည်းအဝေး ကျင်းပကာ ပါတီဝင်အဖြစ်မှ နုတ်ထွက်ကြသည်။ ပြည်ပတွင် တာဝန် ထမ်းဆောင် နေကြသော မြန်မာသံရုံး များမှ ဝန်ထမ်းများလည်း သပိတ်မှောက် နေကြရာ ယခုအထိ သံရုံး ၁၆ ရုံး သပိတ်မှောက် နေကြောင်း သတင်း ဝင်လာသည်။

လမ်းစဉ်ပါတီဌာနချုပ်၊ လမ်းစဉ် လူငယ်မဟို၊ လုပ်စဉ်း ဌာနချုပ်၊ လယ်စဉ်း ဌာနချုပ် တို့တွင် တာဝန်ထမ်းဆောင် နေသည့် ဝန်ထမ်းများ ကသည်း ယနေ့ ကြေညာချက် ထုတ်သည်။

အသိဆုံး

မိမိတို့သည် မိဘပြည်သူများ နည်းတူ တစ်ပါတီစနစ်ချုပ်ငြိမ်းမှုကို နှစ်နှစ်ကာကာလိုလားလျက်ရှိပြီး တစ်ပါတီစနစ်၏ ခါးသီး စက်ဆုပ်မှု များကို အနီးကပ်ဆုံး ခံစား ရသူများ ဖြစ်ကြောင်း။

ပြိုကျပျက်စီး

- ယခုအခါ ပြည်သူ တို့၏ ဆန္ဒကို မုန်တိုင်းသန္ဓယ်၊ ဝိုးကြိုးသဖွယ် ထုတ်ဖော် ပြသနုပြုဖြစ်သဖြင့် ဘယ်သောအခါမှ ပြိုမကျနိုင်ဟု ထင်မြင်ယူဆထားခဲ့သော ပါတီ၏အခြေခံ မြို့နယ်၊ တိုင်း၊ဒေသ ပြည်နယ် အဆင့်တိုင်း ပြိုကျပျက်စီးသွားပြီဖြစ်သဖြင့်လမ်းစဉ် ပါတီသည်မြန်မာ့ ရေမြေတောင်တောင်တွင် မရှိတော့ကြောင်း။

မလုပ်ကျ

ပြည်သူ တို့၏ ဆန္ဒကို ထုတ်ဖော်ပြပြီးဖြစ်သဖြင့် ပြည်သူ့ ဆန္ဒ ခံယူပွဲ ကျင်းပရန် မလိုအပ်တော့ ကြောင်း။ ထို့ကြောင့် အရေးပေါ် ပါတီညီလာခံကို ဇွတ်အာဘင်း လုပ်ပါက ပါတီညီလာခံ ကျင်းပခရေး ကိစ္စ အဝဝတွင် လုံးဝ ပါဝင် လုပ်ဆောင် ပေးမည် မဟုတ်ကြောင်း ကြေညာသည်။

ဗိုင်းရင်းသားများ

ချင်း အမျိုးသား ဦးမ်း ချမ်းရေး ဒီမိုကရေစီမြတ်နိုးသူများအဖွဲ့နှင့် ရခိုင် အမျိုးသားသမဂ္ဂ (ယာယီ) ရန်ကုန် တို့ကသည်း ကြေညာချက်များ ထုတ်သည်။ ဆန္ဒပြပွဲများ သက်တမ်း ရှည်နေလျှင် ပြည်သူတို့၏ စားဝတ်နေရေး ပိုမို ကျပ်ဘည်းလာမည် ဖြစ်ကြောင်း၊ သွေးခွဲချောင်းစီးပွဲ ဖျားလည်း ကြီးမားစွာ ဖြစ်ပွား လာနိုင် ကြောင်း။ ထို့ကြောင့် ပြည်သူတို့၏ ဘောင်းဆိုမှုကို ချက်ချင်း လိုက်ခလျော သင့်ကြောင်း ကြေညာ ချက်များတွင် ဖော်ပြထား သည်။

လူမဟာ်

ရန်ကုန် စည်ပင်သာယာရေး နယ်နိမိတ် အတွင်း အဝိုးရ စက်ရုံများ၊ ဂိုဒေါင်များ၊ သမဝါယမ ဆိုင်များကို မသုမသာသူ တို့က လူစု လူဝေး ဖြင့် ဖောက်ထွင်း လုယက်ယူငင်မှုများ ဖြစ်ပွားနေသည်။ သံဃာတော် များနှင့် ကျောင်းသား ခေါင်းဆောင် များက အစွန်းကုန် မေတ္တာ်ခံ ရပ်ခံကာ ထိန်းသိမ်း ပေးနသည်။ သို့သော်လည်း မသမာသူ အုပ်စုက လူများစု ဖြစ်နေသောကြောင့် ထိန်းသိမ်း သူများအရွေ့ မရိုင်မနင်း ဖြစ်နေသည်

ဗိုလ်ချုပ်ကြီးဟောင်း သူရ ဦးတင်ဦး၊ ဒေါ် အောင် ဆန်း စု ကြည်နှင့် ကျောင်းသားများလွှပ်ရှားမှု ကြီးကြပ် ရေးကော်မတီတို့က လက်ရှိ လှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ သဘင်းစာရှင်း လင်းပွဲ ပြုလုပ်ပြီး၊ ၎င်းတို့၏ သဘောထားကို ထုတ်ပြန် ကြေညာသည်။

ထုတ်ပြန် ကြေညာချက် များတွင် ၎င်းတို့က တောင်း ဆို ချက် များ ကို ၇-၉-၈၈ ည သတင်း ကြေညာချိန်တွင် အကြောင်းမပြန် မလိုက်ခလျော လျှင်အထွေထွေသပိတ်ကြီးဆက်သက် ဆင်ခဲ့သွားမည် ဖြစ် ကြောင်း ပါရှိသည်။

ရက်စက်လှသူတို့၏ လက်ချက်ဖြင့် အင်းယားကန်ဘောင်ရိုးတွင်မရှုမလှ သွေးမြေကျခဲ့ရသည့် ကျောင်းသားလူရွယ် လူမမယ်အာဇာနည်ကခလေးများအား ရည်စူး၍ ဂုဏ်ပြု အောက်ခမ့်ဖွယ် အခမ်းအနားနှင့် လွှမ်းသူ ပန်းခွေ ရေမျှော်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ (ယာယီ) မှ ပေးပို့သည့် သဝဏ်လွှာအား နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဟောင်း ဦးနု က ဖတ်ကြားသည်။

သဝဏ်လွှာတွင် ဤကဲ့သို့ဆောင်ရွက်ခဲ့ အာဇာနည် ကျောင်းသူ ကျောင်းသားလေးများ၏သွေး မြေကျခဲ့သည် မှာအသွန်ကြွေကွဲဖွယ်ရာ၊ ယူကျုံးမရ ငွေးဖွယ်ရာ ကမ္ဘာတည်သရွေ့ ဥဒါန်း မကြေနိုင်ဖွယ်ရာအဖြစ် ကြွေး ကြော်မှတ်ဘွဲ့တင်အခံကြောင်း စသည်ဖြင့် ဖတ်ကြားပြီး သံဃာတော်အပါး ၅၀ တို့က ပရိတ်ရွတ် အမျှပေးဝေကြပြီး ကျဆုံးလေသူ အာဇာနည်များအား အခလေးပြုကြသည်။ ဝါး ဖောင် နှစ်ဖောင်ဖြင့် တက္ကသိုလ်နှင့် ကောလိပ်များ၊ အခြေခံပညာ အထက်တန်း ကျောင်းများ၊ မြို့နယ် ရပ်ကွက် အသီးသီးနှင့် ပုဂ္ဂိုလ်ဘဉ်ဦးချင်းတို့မှ ပေးပို့သည့် ပန်းခွေများကို တင်ဆောင် ရေမျှော လိုက် ရာ ကျောင်းသူကျောင်းသားလေးများနှင့် ရဟန်းရှင်လူများ ဖျက်ချည်မဆည်နိုင် ဖြစ်ကြရသည်။

ရွှေတိဂုံစေတီတော်ဘုရားကြီး

တွင် ကျင်းပပြီး ဥက္ကဋ္ဌဦးဝင်းအောင်၊ အတွင်း ရေးမှူး ဦးဂျိုတမောင် နှင့် အမှုဆောင် ၁၁ ဦး တို့ဖြင့် ဖဲ့စည်း လိုက်သည်။

ဥပဒေရုံး

ဥပဒေရုံးများဆိုင်ရာအလုပ်သမား သမဂ္ဂ (ယာယီ) ရန်ကုန်အဖွဲ့ကိုဥက္ကဋ္ဌ ဦးဥာဏ်ဝင်း၊ အတွင်းရေးမှူး ဦးခင်ဇော်နှင့်အမှုဆောင် ၁၈ ဦးဖြင့်ဖွဲ့စည်း လိုက်သည်။

ရေနံ

မြန်မာ့ရေနံကော်ပိုရေးရှင်းရုံးချုပ် အလုပ်သမား သမဂ္ဂ (ယာယီ) ကို ဌာနခွဲပေါင်းစုံမှ ကိုယ်စားလှယ် ၂၁ ဦးဖြင့် ဖွဲ့စည်းလိုက်သည်။ အလားတူ သာဓကတာအခြေစိုက်စခန်းတွင်လည်း အလုပ်သမား သမဂ္ဂ (ယာယီ) ကို ဖွဲ့စည်းလိုက်သည်။

သွင်းကုန်ထုတ်ကုန်

မြန်မာ့ ထုတ်ကုန်သွင်းကုန်ခကော်ပို ရေးရှင်း အလုပ်သမား သမဂ္ဂ (ယာယီ) ကို နာယကအဖြစ် အဆွေအဆွေ မန်နေဂျာများဦးလှအောင်၊ဦးသောင်းစိန် တို့နှင့် အမှုဆောင် ၂၃ဦး ဖြင့် ဖွဲ့စည်းလိုက်သည်။

ဆေးဆိုးပန်းရိုက်

မြန်မာ နိုင်ငံလုံးဆိုင်ရာ ဆေးဆိုး ပန်းရိုက် ပညာရှင်များ သမဂ္ဂ (ယာယီ) ကို အမှုဆောင် ၂၃ဦးဖြင့် ဖွဲ့စည်း လိုက်သည်၊

စစ်တွေကောလိပ်

စစ်တွေဒီဂရီကောလိပ်ဆရာဆရာမများအဖွဲ့ (ယာယီ) ကို နာယက ကျောင်းအုပ်ကြီး ဒေါက်တာ ကျော်သိန်း၊ ဥက္ကဋ္ဌ ပါမောက္ခဦးမြသောင်း၊ အတွင်းရေးမှူး မြန်မာစာ ဌာနမှူး ဦးသန်းလွင် အပါအဝင် အမှုဆောင် ၂၅ ဦးတို့ဖြင့် ဖွဲ့စည်းသည်။

လုပ်သားကောလိပ်

လုပ်သားများ ကောလိပ် အလုပ်သမားသမဂ္ဂ (ယာယီ) ကိုလည်း အဖွဲ့ဝင် ၃၂ ဦးဖြင့် ဖွဲ့စည်းလိုက်သည်။

ကျောင်းသားဟောင်း

၁၉၆၂ ခုနှစ်မှစ၍ ၁၉၇၅ ခုနှစ် ထိသမိုင်းဝင် ကျောင်းသား အရေးအခင်း များတွင် ပါဝင် ခဲ့သော ကျောင်းသား ကျောင်းသူ ဟောင်းများက ၁၉၆၂ ခုနှစ် တက္ကသိုလ် ကျောင်းသား/သူများ အဖွဲ့ (ယာယီ) ကို ဖွဲ့စည်းလိုက်သည်။

သွားဘက်ဆိုင်ရာ

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ဝန်ထမ်းများ သမဂ္ဂ (ယာယီ) ကိုလည်း ဖွဲ့စည်းလိုက်သည်။

ကြယ်ငါးပွင့်

ကြယ်ငါးပွင့် သတ်ဝါ ကော်ပိုရေးရှင်း အလုပ်သမားများ သမဂ္ဂ (ယာယီ) ကို ဖွဲ့စည်းလိုက်သည်၊

ဟိုတယ်နှင့်ခရီးသွား

ဟိုတယ်နှင့် ခရီး သွားလာရေး ကော်ပိုရေးရှင်း အလုပ် သမားများ သမဂ္ဂ (ယာယီ) ကို ဥက္ကဋ္ဌ ဦးအောင်သိန်းနှင့် အမှုဆောင်အဖွဲ့ဝင် ၂၃ဦး ဖြင့် ဖွဲ့စည်းလိုက်သည်။

အောင်ဆန်းစက်မှုလက်မှု

စက်မှုလက်မှုအထက်တန်းကျောင်း (အောင်ဆန်း) ကျောင်းသား များသမဂ္ဂ(ယာယီ)ကို ဖွဲ့စည်းလိုက်သည်။

ဆန်ကောမြောက်ဦး ဆန္ဒပေါ်ထုတ်သူ အိမ်ရှင်ဇနီး

ပုဇွန်တောင်

ပုဇွန်တောင် မြို့နယ် ဆရာ၊ဆရာဇများ သမဂ္ဂ (ယာယီ) အဖွဲ့ကို အဖွဲ့ဝင် ၂၆ ဦးဖြင့် ဖွဲ့စည်းလိုက်သည်။

ကျောက်တံတား

ကျောက်တံတား မြို့နယ် ကျောင်းဆရာများ သမဂ္ဂကိုလည်းဖွဲ့စည်းလိုက်သည်။

အား/ကာ

အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းများ သမဂ္ဂ ဖြစ်မြောက်ရေး ကော်မတီ (ယာယီ) နှင့် ဆက်ကော်မတီများကို ဖွဲ့စည်း လိုက်သည်။

စီးပွားရေးဘဏ်

မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်ရှေ့ရွေ့ စီစစ်ခရေး ကြီးကြပ်ကွပ်ကဲရေး ဌာန အလုပ်သမားများ သမဂ္ဂ (ယာယီ)ကို ဥက္ကဋ္ဌ ဦးကျင်မိုး၊ ဥဉက္ကဋ္ဌ ဦးအုန်းဝင်းအောင်၊ အတွင်း ရေးမှူး ဦးတင်ဝင်း နှင့် အမှုဆောင် ၁၀ ဦး ပါဝင်ဖွဲ့စည်းလိုက်သည်။

တက္ကသိုလ် ကောလိပ်ရုံ

တက္ကသိုလ်မဂ္ဂါရုံတွင် မြန်မာနိုင်ငံတဝန်းလုံးမှ တက္ကသိုလ် ဆရာဆရာမ ၁၅၀၀ ပါဝင်သည့် တက္ကသိုလ်ကောလိပ်ပေါင်းစုံ ဆရာဆရာမများအဖွဲ့ (ယာယီ) သင်း လုံး ကျွတ် အစည်းအဝေးကြီးကို ကျင်းပခဲ့သည်။

နာယကပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးခင်မောင်တင့် (တက္ကသိုလ်ဘုန်းနိုင်) က လေးချီးကြီးတင်ပုဒ်ဂုဏ်ပြုဖတ်ကြားသည်။ထို့နောက် ဥက္ကဋ္ဌ ဦးစံဘင်၊ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဇင်အောင် တို့က အမှာစကား ပြောကြားသည်။

ထို့နောက် စက်ဘင်ဘာလဂရက်

ကလေးပေါက်စကလေးလည်း လူဆုံကြီးထဲမှာ အတူပါ